CHINLAND DEFENSE FORCE

KALAY-KABAW-GANGAW

# တိုက်ပွဲသတင်းထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်

ကလေးမြို့နယ်တောင်ပိုင်း ကြံသာရွာမှာ တပ်စွဲထားတဲ့ အကြမ်းဖက်စကစတွေနဲ့ ၎င်းတို့ရဲ့လက်ပါးစေ ဗျူစောထီးအဖွဲ့ ၂၀ ဝန်းကျင်ခန့်သည် ယနေ့ ညနေ ၃ နာရီအချိန်ခန့်တွင် မှန်တောရွာဖက်သို့ ခြေလျင်လျှောက်လာခဲ့သည်။

ဟံသာဝတီမှ စကတွေနှင့် ကြံသာမှာကျန်ခဲ့တဲ့ စကတွေပေါင်းပြီး ဖောကားအပါအဝင် ကားလေးစီးနှင့် မှန်တောရွာ ဖက်သို့မောင်းနှင်လာပြီး မှန်တောရွာတွင်လူချကာ နှစ်စီး ကြံသာဖက်သို့ပြန်လှည့်သွားသည်။

ထို့နောက် အင်အားစုစုပေါင်း (၆၀) ခန့်ရှိ စကစမှ မှန်တော - ကမ္ဘာနီတံတားကြားရှိ သစ်တောများထဲသို့ လက်နက်ကြီးများဖြင့်ဦးစွာပစ်ခတ်ပြီး လက်နက်ငယ်များဖြင့် ဆက်တိုက်ပစ်ခတ်ကာ ခြေလျင်ဆက်လျှောက်လာခဲ့ကြသည်။

ထို့ကြောင့် အဆိုပါနေရာများတွင် ကြိုတင်နေရာယူထားကြသည့် CDF - KKG တပ်ဖွဲ့ဝင်များမှ လက်လုပ်အမြောက်များ၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်ကြရာ တစ်နာရီကျော်ကြာ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ တိုက်ပွဲတွင် ရန်သူဖက်မှ ထိခိုက်ကျဆုံးမှုရှိနိုင်ပြီးမိမိတို့ CDF-KKG တပ်ဖွဲ့ ထိခိုက်ကျဆုံးမှုမရှိဘဲဆုတ်ခွာနိုင်ခဲ့သည်။